ကောင်းဆုသာ စာပေ

စီစဉ်သူ - မောင်မေခ



# ဟန်သုသော်

## လွမ်းသူ့ဂ နေ့

## ကြွေသည့်ဂ အသည်း

' ရိုးသားစွာ ဝန်ခံခြင်း '

'' လွမ်းသူက နွေ ကြွေသည်က အသည်း '' ဝတ္ထု၏ ဝတ္ထု ခေါင်းစီးသည် တေးရေးဆရာ ကိုကျော်ညွန့်(၂၀ ရာစု) ရေးသားခဲ့ပြီး တေးဆို ကိုဗညားဟန် သီဆိုခဲ့သည့် 'သမုဒယဝါဆိုမိုး' တေးသီချင်း အခွေထဲက တေးသီချင်းတစ်ပုဒ်ဖြစ်သည့် '' နှောင်းချစ်ဒါလီ '' သီချင်းထဲက သီချင်းစာသားကို ကြိုက်နှစ်သက်သဖြင့် ယူငင် သုံးစွဲ ထားခြင်းဖြစ်ကြောင်းကို စာချစ်သူများနှင့် မူလဖန်တီးသူ အနုပညာ ရှင်တို့အား ရိုးသားစွာ ဝန်ခံအပ်ပါသည်။

**ဟန်သုသော်**

**၁၈. ၂. ၁၆**

* * *

# အခန်း ( ၁ )

ကျွန်တော့်နာမည်က '' ခေတ်သစ် ''။

အသက်က (၂၇)နှစ်ရှိသွားပြီ။ အလုပ်အကိုင်ကတော့... ကျန်းမာရေးဝန်ထမ်း။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနရဲ့လက်အောက်မှာရှိတဲ့၊ ရန်ကုန်တိုင်းရင်းဆေးရုံကြီးမှာ လက်ထောက် တိုင်းရင်းဆေးမှူးအနေနဲ့ တာဝန်ကျတယ်။ မန္တလေး က တိုင်းရင်းဆေးသိပ္ပံကနေ တိုင်းရင်းဆေးပညာ ဒီပလိုမာနဲ့ ကျောင်း ပြီးထားတယ်လေ... ။

ရန်ကုန်တိုင်းရင်းဆေးရုံကို မနက် ကိုးနာရီကနေ ညနေလေး နာရီထိ တစ်ပတ်ကို ငါးရက် တာဝန်ထမ်းရတယ်။ ညနေ ခြောက် နာရီကနေ နောက်တစ်နေ့ နံနက်ခြောက်နာရီထိက တစ်ပတ်ကို တစ်ရက် ညဂျူတီ ဆင်းရတယ်။ ကျန်တဲ့ တစ်ရက်ကတော့ နားရက် ပေါ့ဗျာ... ။

မနက်ပိုင်းနဲ့ နေ့ပိုင်းမှာ ဆေးရုံမှာ တာဝန်ထမ်းဆောင်ပြီး၊ ညနေပိုင်းမှာတော့၊ ကျွန်တော်ရဲ့ ကိုယ်ပိုင်ဆေးခန်းလေးမှာ ဆေးခန်း ထိုင်ဖြစ်တယ်။

ကျွန်တော်ရဲ့ဆေးခန်း နာမည်က '' အေးသုခ '' တဲ့။

ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်း၊ (မိုးကောင်း မှတ်တိုင်) မှာ ဖွင့်ထားတယ်လေ... ။

ကျွန်တော်နဲ့အတူ ကျွန်တော့်သူငယ်ချင်း '' ဝင်းကိုကိုလတ်'' နဲ့ တစ်ယောက် တစ်လှည့်စီ ဆေးခန်းထိုင်ကြတယ်။

ဝင်းကိုကိုလတ်က ကျွန်တော်နဲ့ သက်တူရွယ်တူပဲ။ သူက ကျွန်တော့်ထက် တစ်လပဲ ငယ်တယ်။ ကျွန်တော်က သူ့ကို ညီလေး တစ်ယောက်လို ချစ်လို့ '' ညီလေးဝင်း '' ခေါ်တယ်။ တစ်ခါတစ်ရံမှာ တော့... ''လေတ်'' လို့ခေါ်တယ်။ ညီလေးဝင်းကလည်း ကျွန်တော့်ကို '' ကိုသစ် '' လို့ နာမည် အဖျားဆွတ်ပြီး ခေါ်တယ်။

ဝင်းကိုကိုလတ်က ဗိုလ်ကလေးသား။

အသားက ဖြူဖြူ၊ အရပ်က ရှည်ရှည်၊ မျက်လုံး မျက်ဖန် ကောင်းကောင်း၊ နှုတ်ခမ်းမွေး ရေးရေးလေးနဲ့ သူ့ရုပ်ရည်က အိန္ဒိယ မင်းသားတွေနဲ့ တူတယ်။

သူက အားကစား လေ့လာ လိုက်စားတော့၊ သူ့ရဲ့ခန္ဓာကိုယ် အချိုးအဆစ်က တောင့်တင်းတယ်။ ရင်အုပ်က ကျယ်ကျယ်၊ လက် မောင်း ကြွက်သားတွေကလည်း ဖုထစ်နေတာပဲ။ ယောကျ်ား တစ် ယောက်မှာ ရှိသင့်ရှိ ထိုက်တဲ့၊ ကြွက်သားအလှတွေကို သူက ပိုင်ဆိုင် ထားတယ်။

ကျွန်တော့်အရပ်က ညီလေးဝင်းထက် တစ်လက်မလောက် တော့ အရပ်နိမ့်တယ်။

ကျွန်တော့် အရပ်က ငါးပေကိုး လက်မရှိတယ်။ ကျွန်တော်က ရန်ကုန်သားဆိုပေမယ့် အသားက ခပ်ညိုညိုရယ်...။ ဒါပေမဲ့ အရမ်း ကြီး အသားမဲတဲ့ အထဲမှာတော့ မပါဘူး။ ကျွန်တော်ကလည်း ညီလေးဝင်းလို အားကစား လိုက်စားတော့၊ ခန္ဓာကိုယ် အချိုးအစားက တောင့်တင်းတယ်လို့ ဆိုရမယ်။ ကိုရီးယား မင်းသားလေးတွေလို လက်မောင်းကြွက်သားနဲ့ ရင်အုပ်ကြွက်သားတွေက အရမ်းကို ကျစ် လစ်သန်မာတယ်။

ကျွန်တော်က ဆေးကုပေးရတာ ဝါသနာပါတော့ ကိုယ်ပိုင် ဆေးခန်း ဖွင့်ပြီး ဆေးကုပေးရတာ ကို ပျော်တယ်။ ကျွန်တော် ဖွင့်ထား တဲ့၊ ဆေးခန်းက လူတန်းစား အလွှာပေါင်းစုံနေတဲ့ ရပ်ကွက်မို့၊ လူ တန်းစားအလွှာ ပေါင်းစုံကို

တွေ့ရတယ်။ ဆေးကုပေးတာအပြင် လူမှုဘဝတွေကို လေ့လာဖို့အတွက် ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဆေးခန်းလေးက အထောက်အကူဖြစ်တယ်။

*

## အခန်း ( ၂ )

ဆေးရုံ ဂျူတီနားပြီး နေ့လယ်စာ ထမင်းစားချိန်မှာ ကျွန် တော်နဲ့ ညီလေးဝင်းတို့ ထမင်းစားနေကြတယ်။ ထမင်းစားနေကြ ရင်းနဲ့ ညီလေးဝင်းက ကျွန်တော့်ကို မေးခွန်းတစ်ခု မေးတယ်။

'' ကိုသစ် ''

'' ကမ္ဘာပေါ်မှာ စွမ်းအားအကြီးဆုံးအရာက ဘာလို့ ထင်လဲ။ ကိုသစ် စိတ်ထဲမှာရှိတာကို ဖြေကြည့်စမ်းပါ ''

သူ့ရဲ့မေးခွန်းကို ကျွန်တော် ထမင်းစားနေရင်း၊ သေချာ စဉ်း စား ကြည့်မိတယ်။

'' ညီလေးဝင်းရာ...။ ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံး အရာက ငွေ မဟုတ်လား... ''

ကျွန်တော့်အဖြေကြားတော့၊ သူက နှာခေါင်းရှုံ့လိုက်တယ်။ ပြီးမှ အားရပါးရကို ရယ်လိုက်သေးတယ်။

'' ကိုသစ်ရာ... ။ မင်းက ပြောလိုက်ရင် တလွဲချည့်ပဲ ''

'' မင်းမသေမချင်း မှတ်ထား... ။ ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက အချစ်ကွ။ အချစ် အချစ်။ ငွေ မဟုတ်ဘူး ''

'' ဟာ... မင်းအဖြေကလည်း မဟုတ်သေးပါဘူး။ ကမ္ဘာ ပေါ်မှာ စွမ်းအားအကြီးဆုံးအရာက ငွေပါကွာ ''

'' ငွေဆိုတာ လူ့လောကရဲ့ ဖန်ဆင်းရှင်။ လူ့လောကရဲ့ ဒုတိယ ဘုရားသခင်လို့တောင် ပြောထားသေးတယ်။ ငွေမရှိရင် လူ့ လောကမှာ ဘာမှ လုပ်လို့မရဘူး။ အဲဒါကြောင့် ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက ငွေလို့ပြောတာ... ။ မင်းလည်း မသေမချင်း မှတ်ထား... ''

'' မဟုတ်သေးပါဘူး ကိုသစ်ရာ... ။ မင်းက ငွေကို ကိုးကွယ်ထားလို့ ဒီစကား ပြောထွက်တာပါ။ မင်းလည်း မသေမချင်း မှတ်ထား။ ကမ္ဘာပေါ်မှာ စွမ်းအားအကြီးဆုံးအရာက အချစ်ကွ... အချစ်''

'' မဟုတ်ဘူးကွ။ ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက ငွေပါ ညီလေးဝင်းရာ... ''

'' မဟုတ်ဘူးကွ။ ကမ္ဘာပေါ်မှာ စွမ်းအားအကြီးဆုံးအရာက အချစ်ပါကိုသစ်ရရာ... ။ မင်းငွေက နေရာတိုင်းမှာ အသုံးမဝင်ဘူး''

'' ညီလေးဝင်း ''

'' မင်းအတွေးအခေါ် မှားတယ်။ ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက ငွေ ''

'' အချစ်ပါဆိုကွာ... ''

'' ငွေကွာ... ''

'' အချစ်ကွာ... ''

'' အချစ် အချစ် ''

ကျွန်တော်က အတင်းငြင်းတော့၊ ညီလေးဝင်းက စိတ်တို သွားတယ်ထင်ပါရဲ့။

'' ကိုသစ် ''

'' မင်း အငြင်း မသန်နဲ့ကွာ...။ ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက အချစ်ပါဆို။ အချစ်က စွမ်းအားကြီး မကြီးဆိုတာကို တစ်နေ့ကျတော့ မင်းသိလိမ့်မယ် ''

အဲဒီ လို ကမ္ဘာပေါ်မှာ စွမ်းအားအကြီးဆုံးအရာကို ညီလေးဝင်းနဲ့ ကျွန်တော် ငြင်းခုံခဲ့ဖူးကြတယ်။ တကယ်ပဲ ညီလေးဝင်း ပြော သလို ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက အချစ်ဆိုတာကို အခုတော့ ကျွန်တော် လက်ခံ ယုံကြည်လိုက်ပါပြီ။

ကျွန်တော်လေ...။ မိန်းကလေးတစ်ယောက်ကို မြင်မြင် ချင်းပဲ စိတ်ဝင်စားမိတယ်။ တစ်ခါတည်းပဲ ချစ်မိသွားတယ်။ အဲဒါ ကလည်း ကမ္ဘာပေါ်မှာ စွမ်းအားအကြီးဆုံးအရာလို့ တင်စားထားတဲ့၊ အချစ်ရဲ့ ဆွဲငင်အားကြောင့် ထင်ပါရဲ့ဗျာ...။

သူနဲ့ကျွန်တော် တွေ့ဆုံပုံကလည်း ဆန်းကြယ်တယ်။

သူက ကျွန်တော့်ရဲ့ ဆေးခန်းမှာ ဆေးခန်းလာပြတဲ့၊ ရောဂါ ဝေဒနာသည်ပါ။ ကျွန်တော့်ဆေးခန်းကို လာပြတဲ့နေ့က သူ့ရဲ့ပုံရိပ် တွေ ကျွန်တော့်နှလုံးသားထဲမှာ အချိန်ပြည့် စိုးမိုးလို့နေတယ်ဗျာ။

ကျွန်တော့်ဆေးခန်းကို သူ လာပြတဲ့နေ့က သီတင်းကျွတ် လပြည့်နေ့။

အဲဒီ နေ့က ဆေးခန်းပိတ်ထားတယ်။ အရင်နေ့က ကျွန် တော့်ရဲ့ လက်ကိုင်ဖုန်း ဆေးခန်းမှာ မေ့ကျန်နေလို့ ပြန်လာယူတာ တွေ့တော့၊ သူက ဆေးခန်းဖွင့်တယ်ထင်ပြီး ဆေးခန်းပြဖို့ ရောက် လာတယ်။ ဆေးခန်း တံခါးပိတ်ဖို့ လုပ်နေတုန်းမှာ သူက ကပျာ ကယာနဲ့ ရောက်လာတယ်။

'' ဆရာ ဆေးခန်း ပိတ်တော့မှာလား...။ ကျွန်မ ဆေးခန်း ပြချင်လို့ ခဏစောင့်ပါဦး ဆရာရယ်... ''

အသံလာရာကို ကျွန်တော် ကြည့်လိုက်တော့၊ သူက ပြေးလာ ခဲ့ရလို့ ထင်ပါရဲ့ဗျာ။ ဆေးခန်းရောက်တာနဲ့ အတော်ကို မောနေရှာတယ်။

'' အေးအေးဆေးဆေး အနားယူလိုက်ပါဦး ''

'' မောနေတယ် ထင်တယ် '' လို့ ပြောရင်း ကျွန်တော်လည်း ရေအေးအေး တစ်ခွက်ကို ခပ်ပြီး သူ့ကို ကမ်းပေးလိုက်တယ်။

'' ရော့…။ ရေသောက်လိုက်ပါဦး။ အမောပြေလေး… ''

ရေသောက်ပြီး (၁၀)မိနစ်လောက် အနားယူပြီးမှ ဆေးခန်း ကို လာပြရတဲ့အကြောင်းကို မေးလိုက်တယ်။ သူ့နာမည်ကအစ သူ လာပြရတဲ့ ရောဂါအဆုံးပေါ့ဗျာ။

'' နာမည်က ''

'' ကေသွယ်ပါ ''

'' အသက်ကရော… ''

'' သုံးဆယ့်တစ်နှစ်ပါဆရာ… ''

'' နေရပ်လိပ်စာက… ''

'' အမှတ် ( )၊ သရဖီလမ်း၊ ပါရမီပါ ''

'' ဘာဖြစ်လို့ ဆေးခန်းကို လာပြရတာ တုန်း ''

'' ညည အိပ်မပျော်ဖြစ်နေလို့ပါ ဆရာ… ''

'' ဘယ်လောက် ကြာပြီလဲ ''

'' တစ်နှစ်ကျော်ကျော်လောက်တော့ ရှိနေပြီဆရာ ''

ဆေးခန်းရဲ့ မှတ်တမ်းစာအုပ်မှာ သူ့ရဲ့ကိုယ်ရေးရာဇဝင်နဲ့ သူ့ရဲ့

ရောဂါရာဇဝင်ကို မှတ်တမ်းတင်လိုက်တယ်။ ပြီးမှ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုပြုလုပ်ပြီး သူ့ကို ဆေးကုသပေးလိုက်တယ်။

သူ့ရောဂါနဲ့ ပတ်သတ်ပြီး ရှောင်ကျဉ်ရမည့် အစားအစာတွေ အပြုအမူ အနေအထိုင်တွေ ဆေးသောက်ချိန်တွေကို သေသေချာချာ ညွှန်ကြားပေးလိုက်တယ်။ ဆေးခန်းပြပြီးတာနဲ့ သူက ကျွန်တော့် ဆေးခန်းကနေ စိတ်အေးလက်အေးနဲ့ ပြန်ထွက်သွားလေတယ်။

ကျွန်တော်ကသာ အိမ်မပြန်နိုင်တော့ဘဲ ဆေးခန်းမှာ တစ်ယောက်တည်းငေးပြီး ကျန်နေခဲ့ရတယ်။ ဆေးခန်းမှာ ထိုင်နေရင်းနဲ့ ကျွန်တော့်စိတ်တွေက သူ့အကြောင်းတွေကို စဉ်းစားမိတယ်။ သူ့ရဲ့ အပြုံးလေးတွေက ကျွန်တော့်နှလုံးသားကို စွဲငြိပြီး ကျန်နေခဲ့တယ်။ သူ့ရဲ့ အပြုံးအောက်မှာ ကျွန်တော်က ပျော်ပျော်ကြီး ကျဆုံးသွား တယ်ဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိလိုက်တယ်။ သူက ကျွန်တော့်ထက် ငါးနှစ်ကြီးတယ်ဆိုတော့... သူ့ကို ကျွန်တော့် စိတ်ကူး ထဲကနေ '' မမကေသွယ် '' ဆိုပြီး အော်ခေါ်နေမိတယ်။

သူ့ဆံပင်က တင်ပါးထိအောင်ကို ရှည်တယ်။ သူက မြန်မာ ဆန်ဆန်နဲ့ ကျက်သရေရှိတယ်။ သူ့မျက်လုံးက ဝိုင်းဝိုင်းစက်စက် လေးနဲ့ ပြုံးလိုက်ရင် ပါးချိုင့်လေးက ပါလိုက်သေးတယ်။ သူ့ အသား အရေကလည်း ဖြူတာလည်း မဟုတ်ဘူး။ ဝါဝါဝင်းရှိလှတဲ့ အသား ဝါပိုင်ရှင်လေး။ သူက အစိမ်းရောင်နုနု ငှက်ပျောညွှန့်ရောင် ပါတိတ် ဝမ်းဆက်လေးကို မြန်မာဆန်ဆန်လေး ဝတ်ဆင်ထားတယ်။ အစိမ်း ရောင်နုနု ငှက်ပျောညွှန့် အရောင်က သူ့ရဲ့ အသားအရေကို ပိုမိုပေါ်လွင်စေတယ်ဗျာ...။

မမကေသွယ်ကို စွဲလမ်းမိခဲ့တဲ့ အကြောင်းတွေကို အိမ်ပြန် ရောက်လို့ ညအိပ်ရာဝင်တဲ့အခါမှာ ညီလေးဝင်းကို ကျွန်တော် ပြန် ပြောပြဖြစ်တယ်။ ညီလေးဝင်းက ဆေးရုံက ပေးထားတဲ့၊ ဝန်ထမ်း အိမ်ရာမှာ မနေဘဲ ကျွန်တော့်တို့ အိမ်မှာ လိုက်ပြီး ကျွန်တော်နဲ့အတူ လိုက်နေတယ်။

ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့၊ ကျွန်တော့် တို့ အိမ်မှာ ညီလေးဝင်းလိုက်နေတာက ကျွန်တော့်အတွက် ညီလေး တစ်ယောက် ရလိုက်သလိုပါပဲ။ ဘာကိစ္စပဲဖြစ်ဖြစ် သူနဲ့ တိုင်ပင်ဖြစ် တယ်။

'' ကိုသစ်ရာ…။ မင်းက ကိုယ့်ဆီမှာ ဆေးလာကုတဲ့ မိန်ကလေးကိုမှ စိတ်ဝင်စားရတယ်လို့ကွာ။ မင်းက ဆေးဆရာတစ် ယောက်ရဲ့ စောင့်စည်းရမယ့် ကျင့်ဝတ်သိက္ခာလေးကို ထိန်းသိမ်းဦး မှပေါ့ ''

'' အခုတော့ မင်းက… ''

ညီလေးဝင်းက လူကြီးတစ်ယောက်လို ကျွန်တော့်ကို ဆုံးမ တယ်။

'' ညီလေးဝင်းရာ…။ မင်းပေးချင်တဲ့၊ သစ္စာပေးပါ ''

'' ငါက မမကေသွယ်ကို ဆေးကုပေးနေတဲ့ အချိန်မှာ သူ့ကို စိတ်နဲ့ မပြစ်မှားပါဘူးကွာ။ သူ ဆေးခန်းက ထွက်သွားမှ ငါက လွမ်းပြီး ကျန်နေခဲ့တာပါ။ ဒီညလည်း အိပ်လို့ မရတော့ဘူးကွာ။ သူ့အကြောင်းတွေကို ဘာလို့ စဉ်စားနေမှန်းလည်း ငါမသိတော့ဘူး''

'' ကိုသစ် ''

'' မင်းကို ငါပြောခဲ့တဲ့ စကားတစ်ခွန်းကို ယုံပြီလား… ကမ္ဘာပေါ်မှာ စွမ်းအား အကြီးဆုံးအရာက အချစ်ဆိုတာလေ… ''

အခုတော့ ညီလေးဝင်းစကားကို ကျွန်တော် ဘာမှ ပြန်မ ပြောနိုင်တော့၊ အသာလေးငြိမ်ပြီး သူ ပြောသမျှကို ကျွန်တော်က နားထောင်နေရတော့တယ်။

'' အေးပါကွာ…။ ငါက မင်းစိတ်ခံစားမှုတွေကို မှားတယ် လို့လည်း မပြောချင်ဘူး။ မှန်တယ်လို့လည်း မထောက်ခံချင်ဘူး။ လူဆိုတာက ကိုယ့်သဘော ကိုယ်ဆောင်နေတာပဲလေ…။ မင်း ဘာသာမင်း သေချာ စဉ်စား ဆုံးဖြတ်ပေါ့။ မင်းနဲ့ မကြာခင်မှာ လက်ထပ်တော့မယ့်၊ သူသူ့ကို မင်းဘယ်လို သဘောထားလည်းဆို

တာကိုတော့ မင်းဘာသာမင်း ခေါင်းအေးအေးထားပြီး စဉ်းစားပေါ့ ကွာ... ''

ညီလေးဝင်းက ပြောပြီး တစ်ခဏအတွင်းမှာပဲ နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားရှာတယ်။

ကျွန်တော်ကတော့ အချိန်အတော်ကြာတဲ့တိုင်အောင် လုံးဝ အိပ်မပျော်နိုင်ခဲ့ဘူး။ သူသူနဲ့ ကျွန်တော်ရဲ့ ပတ်သက်မှုကို ကျွန်တော်

အိပ်မပျော်နိုင်ခဲ့ဘူး။ သူသူနဲ့ ကျွန်တော်ရဲ့ ပတ်သက်မှုကို ကျွန်တော် သေသေချာချာ စဉ်စားကြည့်ရင်းနဲ့ မနက်မိုးလင်းခဲ့ရတယ်ဗျာ...။

ကျွန်တော်က ကဗျာစပ်ရတာ ဝါသနာထုံတော့၊ ကျွန်တော့် ရဲ့ခံစားမှု အပိုင်းအစတွေကိုလည်း ကာရန်မဲ့ ကဗျာတစ်ပုဒ်အဖြစ် နှလုံးသားမှာ မှတ်တမ်း ကမ္ပည်းတင်မိတယ်။

ငါသာ...

တရားသူကြီးဖြစ်ခဲ့ရင်

စေ့ထားတဲ့

ငါ့နှလုံးသားတံခါးကို

ရုတ်တရက် ဆွဲဖွင့်လိုက်တဲ့ မင်းကို

ခွင့်မတောင်းဘဲ ဝင်ရောက်မှုနဲ့

တစ်သက်တာ ငါ့ရင်မှာ လှောင်ပိတ်ဖို့...

စီရင်ချက် ချလိုက်ချင်တယ် ချစ်သူ။

*